# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၁၃) ၂၀၂၄ ခုနှစ် မတ်လ ၂၉ ရက်


## မာတိကာစဉ်


၁။ မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေနှင့်အမိန့်ကြော်ငြာစာအသစ်များအကြောင်း သိကောင်းစရာ။ ၂-၅

၂။ အင်ဒိုနီးရှားနိုင်ငံက Electronic Vehicle (EV) ထုတ်လုပ်ရောင်းချခြင်းကို ပိုမိုအားကောင်းစေရန် အခွန်မက်လုံးအသစ်များကို ထုတ်ပြန်ခြင်း။ ၆-၈

၃။ ဖလော်ရီဒါတွင် အသက် ၁၆ နှစ်အောက် ကလေးသူငယ်များကို ဆိုရှယ်မီဒီယာ သုံးစွဲမှုကန့်သတ်သည့်ဥပဒေမူကြမ်းကို ပြည်နယ်အုပ်ချုပ်ရေးမှူး ရွန်ဒီဆန်းတစ်စ် (Ron Desantis) က လက်မှတ်ရေးထိုး ထုတ်ပြန်ခြင်း။ ၉-၁၁

၄။ ဂျပန်မန်ဂါ (Manga)ရုပ်ပြကာတွန်းများ ခိုးယူခံနေရခြင်း။ ၁၂-၁၃

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေနှင့် အမိန့်ကြော်ငြာစာအသစ်များအကြောင်း သိကောင်းစရာ

ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုများပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ယခုသီတင်းပတ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ထုတ်ပြန်သည့်ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာပြဋ္ဌာန်းချက်ကို ဒုတိယအကြိမ်ဖြည့်စွက်ပြဋ္ဌာန်းချက်ထုတ်ပြန်ခြင်းအမိန့်ကြော်ငြာစာ၊ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ အမျိုးသားအစားအသောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၂၄ ခုနှစ်)၊ ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ပြန်သည့်ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်းကို အရေးကြီးဝန်ဆောင်မှုလုပ်ငန်းအဖြစ် သတ်မှတ်သည့်အမိန့်ကြော်ငြာစာ ၊ ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်အမိန့်ကြော်ငြာစာ၊ အခွင့်အာဏာအပ်နှင်းခြင်းအမိန့်ကြော်ငြာစာ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ထုတ်ပြန်သည့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၃၂ / ၂၀၂၂ ကို ပြင်ဆင်ခြင်းအမိန့်ကြော်ငြာစာ၊ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ ထုတ်ပြန်သည့် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာတို့ကို အများပြည်သူများ လွယ်လင့်တကူ ကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀.၃.၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၂၀/၂၀၂၄ ဖြင့် အမျိုးသားအစားအသောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၂၄ ခုနှစ်) ကို ပြဋ္ဌာန်းခဲ့ပါသည်။ အမျိုးသားအစားအသောက်ဥပဒေကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် ၅/၉၇ ဖြင့် ၃.၃.၁၉၉၇ ရက်နေ့က ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပြီး ယခု ၂၀.၃.၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ တတိယအကြိမ် ပြင်ဆင်ခဲ့ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါသည်။

အမျိုးသားအစားအသောက်ဥပဒေ၊ ပုဒ်မ ၂၈ တွင် "မည်သူမဆို ပုဒ်မ ၂၂ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်-(က) တွင် ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၃၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟု လည်းကောင်း၊ (ခ)တွင် ထောင်ဒဏ် ၁ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀၀၀အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်ဟုလည်းကောင်း၊ (ဂ)တွင် ပြစ်မှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။"ဟုပြဋ္ဌာန်းထားပြီး ယခုပြင်ဆင်သည့် ဥပဒေတွင် မည်သူမဆို "ပုဒ်မ ၂၂ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်-(က) တွင် တစ်ဆယ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ်သိန်း ၃၀ အထိ ငွေဒဏ်လည်း ချမှတ်နိုင်သည် ဟုလည်းကောင်း၊ (ခ)တွင် တစ်နှစ်ထိထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ကျပ်ငါးသိန်းထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်ဟုလည်းကောင်း၊ (ဂ) တွင် တရားရုံးသည် ပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းများကို ဖျက်ဆီးရန် သို့မဟုတ် သတ်မှတ်ချက်များနှင့်အညီ စီမံခန့်ခွဲရန် အမိန့်ချမှတ်ရမည်။" ဟု ပြင်ဆင်ပြဋ္ဌာန်းထားပါသည်။

အမျိုးသားအစားအသောက်ဥပဒေ၊ ပုဒ်မ ၂၉ တွင် "မည်သူမဆို ပုဒ်မ ၂၃ ပါပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၅ နှစ်အထိဖြစ်စေ၊ ငွေဒဏ်အနည်းဆုံး ကျပ် ၅၀၀၀ မှ အများဆုံး ကျပ် ၅၀၀၀၀ အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။"ဟု ပြဋ္ဌာန်းထားပြီး ယခုပြင်ဆင်သည့်ဥပဒေတွင် "မည်သူမဆို ပုဒ်မ ၂၃ ပါ ပြဋ္ဌာန်းချက်ကိုဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား တစ်ဆယ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ် ၁၀ သိန်းမှ အများဆုံး ကျပ်သိန်း ၅၀ ထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။ ထို့ပြင် တရားရုံးသည် ပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံ

ပစ္စည်းများကိုဖျက်ဆီးရန် သို့မဟုတ် သတ်မှတ်ချက်များနှင့်အညီ စီမံခန့်ခွဲရန် အမိန့်ချမှတ်ရမည်။”ဟု ပြင်ဆင်ပြဋ္ဌာန်းထားပါသည်။

အမျိုးသားအစားအသောက်ဥပဒေ၊ ပုဒ်မ ၃၀တွင် “မည်သူမဆို ပုဒ်မ ၂၄ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၃ နှစ်အထိ ဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ် ၁၀၀၀ မှ အများဆုံး ကျပ် ၃၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေချမှတ်ရမည်။ ထို့ပြင်ပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာ အဖြစ် သိမ်းဆည်းရမည်။” ဟု ပြဋ္ဌာန်းထားပြီး ယခုပြင်ဆင်သည့်ဥပဒေတွင် “ငွေဒဏ်အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံးကျပ်သုံးသိန်းထိဖြစ်စေ” ဆိုသည့်စကားရပ်ကို “အနည်းဆုံး ကျပ်သုံးသိန်း မှ အများဆုံးကျပ်သိန်း ၃၀ ထိ ငွေဒဏ်ဖြစ်စေ” ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ “ထို့ပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်” ဆိုသည့်စကားရပ်ကို “ထို့ပြင် တရားရုံးသည် ပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းများကို ဖျက်ဆီးရန် သို့မဟုတ် သတ်မှတ်ချက်များနှင့်အညီစီမံခန့်ခွဲရန် အမိန့်ချမှတ်ရမည်။”ဟု ပြင်ဆင် ပြဋ္ဌာန်းထားပါသည်။

ထို့ပြင် အမျိုးသားအစားအသောက်ဥပဒေ၊ ပုဒ်မ ၃၁ တွင် “အစားအသောက်ထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချ ခြင်းပြုလုပ်သူ မည်သူမဆို ပုဒ်မ ၂၅ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ငွေဒဏ်အနည်းဆုံးကျပ် ၁၀၀၀ မှ အများဆုံး ကျပ် ၃၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။” ဟု ပြဋ္ဌာန်းထားပြီး ယခုပြင်ဆင်သည့်ဥပဒေတွင် “ငါးနှစ်ထိထောင်ဒဏ်တစ်မျိုးမျိုးချမှတ်ရမည့်အပြင် အနည်းဆုံးကျပ် သုံးသိန်းမှ အများဆုံးကျပ်သိန်း ၃၀ ထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။”ဆိုသည့် စကားရပ်ဖြင့် အစားထိုးပြင်ဆင်ပြဋ္ဌာန်းထားပါသည်။

သို့ဖြစ်ပါ၍ အမျိုးသားအစားအသောက်ဥပဒေကို လေ့လာလိုသူများအနေဖြင့် MLIS Website တွင် အကျယ်တဝင့် ဝင်ရောက် လေ့လာဖတ်ရှုနိုင်မည်ဖြစ်ပါသည်။

e- Government ဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

## အင်ဒိုနီးရှားနိုင်ငံကElectronic Vehicle (EV )ထုတ်လုပ်ရောင်းချခြင်းကိုပိုမိုအားကောင်းစေရန် အခွန်မက်လုံးအသစ်များကို ထုတ်ပြန်ခြင်း

အင်ဒိုနီးရှားနိုင်ငံ၏ဘဏ္ဍာရေးဝန်ကြီးသည် နိုင်ငံ၏ EV ကားထုတ်လုပ်ရောင်းချခြင်းကို ပိုမိုအားကောင်းစေရန် အခွန်မက်လုံးအသစ်များကို ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါအခွန်များတွင် ၂၀၂၄ ခုနှစ်အတွက် EV ကားအပေါ်သတ်မှတ်သည့် တန်ဖိုးကြီးဇိမ်ခံပစ္စည်း ရောင်းချခွန်ဖယ်ရှားခြင်း၊ ၂၀၂၅ ခုနှစ်အထိ သွင်းကုန်အခွန်အားစွန့်လွှတ်ခြင်းနှင့် EV ကားများ ရောင်းချခြင်းအပေါ် စည်းကြပ်သည့် အခွန် လျှော့ချခြင်းတို့ပါဝင်ပါသည်။

အင်ဒိုနီးရှားနိုင်ငံသည် EV ထုတ်လုပ်ဖြန့်ဖြူးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ကမ္ဘာ့အကြီးဆုံးသတ္တုနီကယ်အပေါ် အကျိုးခံစားခွင့်ရှိရန် ရှာဖွေလျက်ရှိပါသည်။ အစိုးရသည် ၂၀၂၇ ခုနှစ်တွင် ကမ္ဘာပေါ်ရှိ လျှပ်စစ်ဘက်ထရီ တတိယအကြီးဆုံးထုတ်လုပ်သည့်နိုင်ငံဖြစ်လာစေရန် နှင့် ၂၀၃၀ ခုနှစ်တွင် EV ဘက်ထရီခံနိုင်အား တစ်နှစ်လျှင် 140 GWh ထုတ်လုပ်ရန် ရည်ရွယ်ထားရှိပါသည်။ ထို့ပြင် အင်ဒိုနီးရှားနိုင်ငံသည် ၂၀၃၀ ခုနှစ်တွင် EV ကား ၆၀၀,၀၀၀ ထုတ်လုပ်ရန် ရည်မှန်းထားပါသည်။

အင်ဒိုနီးရှားနိုင်ငံတွင်ထုတ်လုပ်သောပစ္စည်းများ၏ ၄၀ရာခိုင်နှုန်းကျော်ပါဝင်သည့် EVကားများအားဝယ်ယူသူများသည် စည်းကြပ်ခွန်အား ၁၁ ရာခိုင်နှုန်းမှ ၁ ရာခိုင်နှုန်းအထိလျှော့ချပေးမည်ဖြစ်ပါသည်။ အဆိုပါအခွန်လျှော့ချပေးခြင်းသည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ အထိသာသက်ဆိုင်မည်ဖြစ်ပါသည်။ ပြည်တွင်းထုတ်လုပ်မှုသည် ၂၀၂၇ ခုနှစ်တွင် ၆၀ ရာခိုင်နှုန်းအထိ တဖြည်းဖြည်းတိုးတက်လာမည် ဖြစ်ပါသည်။

ပြည်တွင်းဖြစ်ပစ္စည်းများ ၂၀ နှင့် ၄၀ ရာခိုင်နှုန်းကြား ပါဝင်တည်ဆောက်ထားသည့် လျှပ်စစ်ကားများမှာ စည်းကြပ်ခွန် ၅ ရာခိုင်နှုန်းဖြစ်ပြီး ယင်းကားများအား ဝယ်ယူသူများသည် စည်းကြပ်ခွန်ကို ၆ ရာခိုင်နှုန်းသာ ပေးရမည်ဖြစ်ပါသည်။

ပြင်ပမှတပ်ဆင်သည့်ဘီးလေးဘီးပါ EV ကားများတင်ပို့သောကုမ္ပဏီသည် တန်ဖိုးကြီးဇိမ်ခံပစ္စည်းများရောင်းချခွန် နှင့် သွင်းကုန်အခွန်ကင်းလွတ်ခွင့်များရရှိမည်ဖြစ်ပါသည်။ ထို့ပြင် တင်ပို့ထားသည့်ပစ္စည်းများနှင့် တပ်ဆင်ထားသည့်ဘီးလေးဘီးပါ EV ကားကုမ္ပဏီသည် တန်ဖိုးကြီးဇိမ်ခံပစ္စည်းများရောင်းချခွန်ကင်းလွတ်ခွင့်ရရှိမည်ဖြစ်သော်လည်း အဆိုပါကားများသည် ပြည်တွင်းမှပစ္စည်းများ ၂၀ နှင့် ၄၀ ရာခိုင်နှုန်းအကြား တည်ဆောက်ထားသည့်ယာဉ်များဖြစ်ရပါမည်။ ထို့ပြင် စီးပွားရေးလုပ်ငန်းတွင်အကျိုးခံစားခွင့်ရရှိရန်အတွက် အောက်ဖော်ပြပါရင်းနှီးမြှုပ်နှံမှုစံနှုန်းများနှင့် ကိုက်ညီရပါမည် -

- အင်ဒိုနီးရှားနိုင်ငံတွင် EV ကား ထုတ်လုပ်သည့်အဆောက်အဦတည်ဆောက်ခြင်း
- အင်ဒိုနီးရှားနိုင်ငံရှိ ပြည်တွင်းအင်ဂျင်ကားများမှ တစ်စိတ်တစ်ပိုင်းဖြစ်စေ တစ်ခုလုံးကိုဖြစ်စေ EV ကားအဖြစ်ထုတ်လုပ်ရန် စက်ရုံတည်ဆောက်မည့် ကုမ္ပဏီ သို့မဟုတ်
- ကုန်ပစ္စည်းအသစ်များ ထုတ်လုပ်ခြင်းနှင့် ထုတ်လုပ်မှုတိုးတက်စေရန် လက်ရှိ EV ကား ထုတ်လုပ်သည့်လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံသည့်ကုမ္ပဏီ

အဆိုပါအထောက်အပံ့သည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအထိသာဖြစ်ပါသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် ၎င်း၏ရင်းနှီးမြှုပ်နှံမှုမှာ နီကယ်အရည်ကျိုကိရိယာ သို့မဟုတ် EV ကား နှင့်ဘက်ထရီထုတ်လုပ်ခြင်းလုပ်ငန်းဖြင့်ဖြစ်စေ အင်ဒိုနီးရှားနိုင်ငံ၏ EV ကား ထုတ်လုပ်ရောင်းချခြင်းမှတဆင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို ရှာဖွေနိုင်မည်ဖြစ်ပါသည်။ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ၂၀၂၅ ခုနှစ်တွင် EV ကားအသုံးပြုသူ ၂.၅ မီလီလျံရရှိရန် သတ်မှတ်ထားပါသည်။

အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာ့အများဆုံးနီကယ် ခန့်မှန်း ၂၁ မီလီလျံတန် ပိုင်ဆိုင်ထားပြီး ကမ္ဘာ့ထိပ်တန်းသတ္တုထုတ်လုပ်သည့်နိုင်ငံလည်းဖြစ်ပါသည်။ ၂၀၂၁ ခုနှစ်က ၁ မီလီလျံတန် ထုတ်လုပ်နိုင်ခဲ့ပါသည်။ နီကယ်အားလုံး၏ ၇၀ ရာခိုင်နှုန်းမှာ stainless-steel ကဏ္ဍဖြစ်ပြီး EV ဘက်ထရီ ထုတ်လုပ်မှုအတွက်ဝယ်လိုအား တိုးတက်လျက်ရှိပါသည်။ အဆိုပါ လျှပ်စစ်ဘက်ထရီဝယ်လိုအား

သည် ၂၀၃၀ ခုနှစ်တွင် နီကယ်စုစုပေါင်း၏သုံးပုံတစ်ပုံခန့်ဖြစ်မည်ဟုခန့်မှန်းထားပါသည်။ အင်ဒိုနီးရှား နိုင်ငံသည် EV ကားထုတ်လုပ်ဖြန့်ဖြူးခြင်းတွင် ထုတ်လုပ်မှုစွမ်းအားမြှင့်တင်၍ EV ဘက်ထရီထုတ်လုပ်ခြင်းတွင် အခရာ ဖြစ်လာစေရန် အားစိုက်လျက်ရှိပါသည်။

သို့ရာတွင်အင်ဒိုနီးရှားနိုင်ငံသည် Lithium ပမာဏကြွယ်ဝမှုလျော့နည်းပြီး ဩစတြေးလျနိုင်ငံသည် ခန့်မှန်းခြေ ကမ္ဘာ့ Lithium တစ်ဝက်ခန့်အား ထောက်ပံ့ပေးပြီး အင်ဒိုနီးရှားနိုင်ငံသို့လည်း အဆိုပါသတ္တုအားတင်ပို့နိုင်ပါသည်။ ဩစတြေးလျနိုင်ငံ၏ Lithium တင်ပို့မှု အများဆုံးနိုင်ငံမှာ တရုတ်နိုင်ငံဖြစ်ပါသည်။ အင်ဒိုနီးရှားနိုင်ငံ၏ပင်လယ်ပြင်ရေးရာနှင့်ရင်းနှီးမြှုပ်နှံမှုဝန်ကြီးသည် ၂၀၂၄ ခုနှစ်မှစ၍ အင်ဒိုနီးရှားနိုင်ငံသည် ဩစတြေးလျနိုင်ငံမှ Lithium တန် ၆၀၀၀၀ တင်သွင်းရန် စီစဉ်ထားရှိကြောင်း ဖော်ပြခဲ့ပါသည်။

အင်ဒိုနီးရှားနိုင်ငံအစိုးရသည် EV ကားထုတ်လုပ်မှုတွင် အခွန်လျော့ခြင်း၊ ကင်းလွတ်ခွင့်နှင့် မက်လုံးများပေးခြင်းဖြင့် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများအားဆွဲဆောင်နိုင်ရန် နှင့် ကမ္ဘာ့ EV ဈေးကွက်တွင် အဓိကကဏ္ဍမှပါဝင်သူအနေဖြင့် ရပ်တည်ရန် ကြိုးစားအားထုတ်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကျမ်းကိုးစာရင်း

https://www.aseanbriefing.com/news/category/tax-accounting/

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၁၃) ၂၀၂၄ ခုနှစ် မတ်လ ၂၉ ရက်

## ဖလော်ရီဒါတွင် အသက် ၁၆ နှစ်အောက် ကလေးသူငယ်များကို ဆိုရှယ်မီဒီယာ သုံးစွဲမှု ကန့်သတ်သည့် ဥပဒေမူကြမ်းကို ပြည်နယ်အုပ်ချုပ်ရေးမှူး ရွန်ဒီဆန်းတစ်စ် (Ron Desantis) က လက်မှတ်ရေးထိုး ထုတ်ပြန်ခြင်း

၂၀၂၄ ခုနှစ် မတ်လ ၂၅ ရက် တနင်္လာနေ့တွင် ဖလော်ရီဒါပြည်နယ်အုပ်ချုပ်ရေးမှူး ရွန်ဒီဆန်းတစ်စ် (Ron Desantis)သည် အသက် ၁၄ နှစ်အောက် ကလေးသူငယ်များ ဆိုရှယ်မီဒီယာ ပလက်ဖောင်း များသုံးစွဲခြင်းကိုတားမြစ်ကြောင်းနှင့် အသက် ၁၄ နှစ်နှင့်အထက် ၁၅ နှစ်အရွယ် ကလေးသူငယ် များကို မိဘများ၏သဘောတူခွင့်ပြုချက်ရယူ၍ သုံးစွဲခွင့်ပြုကြောင်း ဥပဒေမူကြမ်းကို လက်မှတ် ရေးထိုးခဲ့သည်။ ထိုကဲ့သို့ပြုလုပ်ခြင်းမှာ ကလေးသူငယ်များ၏ စိတ်ကျန်းမာရေးနှင့်စပ်လျဉ်းသည့် အွန်လိုင်းအန္တရာယ်များမှ ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း အကဲဖြတ်သူတစ်ဦးက ပြောကြားခဲ့ပါ သည်။

တိုင်းတာမှုများအရ ဆိုရှယ်မီဒီယာ ပလက်ဖောင်းများသည် အသက် ၁၄ နှစ်အောက် ကလေး သူငယ်များ၏အကောင့်များနှင့် မိဘခွင့်ပြုချက်မရှိဘဲ သုံးစွဲနေသည့် အသက် ၁၆ နှစ်အောက် လူငယ် များ၏ အကောင့်များကို သုံးစွဲမှုရပ်စဲရန် လိုအပ်ပါသည်။ အသက်မပြည့်သေးသူများကို စစ်ဆေးရန် ပြင်ပမှ အတည်ပြုစနစ်တစ်ခုကို အသုံးပြုရန်လည်း လိုအပ်ပါသည်။

ပြည်နယ်၏ ရီပတ်ဘလီကန်ဦးဆောင်သော ဥပဒေပြုလွှတ်တော်သည် အသက် ၁၆ နှစ် အောက်ကလေးများကို ဆိုရှယ်မီဒီယာ သုံးစွဲခွင့်လုံးဝပိတ်ပင်မည့်ဥပဒေကြမ်းကို ဖေဖော်ဝါရီတွင် အတည်ပြုခဲ့သည်။ မိဘများ၏အခွင့်အရေးဖြင့် ကန့်သတ်ထားသည့် အဆိုပါဥပဒေမူကြမ်းကို ဗီတို အာဏာဖြင့်ထုတ်ပြန်ခဲ့ကြောင်း ရီပတ်ဘလစ်ကန်တစ်ဦးဖြစ်သည့် ဒီဆန်းတစ်စ်(DeSantis)က ယခုလ အစောပိုင်းတွင် ပြောကြားခဲ့သည်။

ပြင်ဆင်ထားသည့်မူကြမ်းတွင် အရွယ်ရောက်ကလေးငယ်များကို ဆိုရှယ်မီဒီယာ ပလက်ဖောင်းများသုံးစွဲခွင့်ပြုရာတွင် မိဘများ၏ သဘောတူခွင့်ပြုချက်ရယူရန်ခွင့်ပြုထားပါသည်။ ထိုဥပဒေမှာ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ပေါ်ပေါက်လာမည်ဖြစ်ပါသည်။

"ဆိုရှယ်မီဒီယာသည် ကလေးသူငယ်များကို နည်းလမ်းအမျိုးမျိုးဖြင့် ထိခိုက်စေသည်" ဟု ဒီဆန်းတစ်စ် DeSantis က ထုတ်ပြန်ချက်တွင် ဖော်ပြထားပါသည်။ ဥပဒေသည် မိဘများအား ၎င်းတို့၏သားသမီးများကိုကာကွယ်ရန် စွမ်းရည်ကိုပေးသည်ဟုလည်း ၎င်းက ပြောဆိုခဲ့ပါသည်။

အကျိုးရလဒ်အနေဖြင့် စိုးရိမ်မှု၊စိတ်ဓာတ်ကျမှုနှင့်အခြားစိတ်ရောဂါများကို ခံစားရနိုင်သည့် အထက်ဖော်ပြပါပလက်ဖောင်းများကို အလွန်အကျွံအသုံးပြုသောကလေးငယ်များ၏ ကျန်းမာရေးနှင့်စပ်လျဉ်း၍ ဆိုရှယ်မီဒီယာ၏အန္တရာယ်ရှိသော သက်ရောက်မှုများကို ဥပဒေကတားဆီးနိုင်မည်ဖြစ်ကြောင်း ထောက်ခံသူများက ပြောကြားကြပါသည်။

အမေရိကန်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပထမပြင်ဆင်ချက်တွင် ဖော်ပြထားသည့် လွတ်လပ်စွာပြောဆိုခွင့် ကာကွယ်ပေးရေးကို ချိုးဖောက်သည်ဟု ဝေဖန်သူများက ပြောကြားကြပြီး အစိုးရအနေဖြင့်မဟုတ်ဘဲ မိဘများအနေဖြင့် ၎င်းတို့၏သားသမီးများအွန်လိုင်းတွင် အသက်အရွယ်မရွေးရှိနေခြင်းနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်များချသင့်သည်ဟု ဝေဖန်သူများက ပြောကြားခဲ့သည်။

Instagram နှင့် Facebook တို့၏ မိခင်ကုမ္ပဏီဖြစ်သည့် Meta က “၎င်းသည် မိဘများ၏ ဆုံးဖြတ်ခွင့်ကို ကန့်သတ်မည်ဖြစ်ပြီး အသုံးပြုသူများ၏ ကိုယ်ရေးကိုယ်တာအချက်အလက်များကို အသက်အရွယ်အရ စစ်ဆေးရန်လိုအပ်သောကြောင့် ကိုယ်ရေးကိုယ်တာစိုးရိမ်မှုများ မြင့်တက်နိုင်သည့်အတွက် အဆိုပါဥပဒေကို ကန့်ကွက်ခဲ့ပါသည်။ ကလေးသူငယ်များ ဒေါင်းလုဒ်ဆွဲသည့်ကိစ္စများတွင် မိဘခွင့်ပြုချက်ရယူရန်အွန်လိုင်းအက်ပ်စတိုးများ၌ ဖက်ဒရယ်ဥပဒေပြုချက်နှင့်အညီလုပ်ဆောင်မည်ဟု Meta မှ ပြောကြားခဲ့ပါသည်။

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၁၃) ၂၀၂၄ ခုနှစ် မတ်လ ၂၉ ရက်

ဥပဒေမူကြမ်းတွင် ဆိုရှယ်မီဒီယာပလက်ဖောင်းများနှင့် စပ်လျဉ်း၍ အမည်နာမ သီးခြား ဖော်ပြမထားသော်လည်း ၎င်း၏ရည်ရွယ်ချက်များဖြစ်သည့် "အဆုံးမရှိဆွဲ၍ကြည့်ရှုခြင်း"ကို မြှင့်တင်သော ဆိုရှယ်မီဒီယာဝဘ်ဆိုက်များဖြစ်သည့်လိုက်ခ်များ၊ အလိုအလျောက်ဖွင့်သည့် ဗီဒီယိုများနှင့် တိုက်ရိုက်ထုတ်လွှင့်ခြင်းနှင့် အသိပေးချက်များ ပေါ်ပေါက်ခြင်းကဲ့သို့သော တုံ့ပြန်မှုမက်ထရစ်များကို ပြသပေးခြင်းစသည်တို့ကို ဥပဒေမူကြမ်းတွင် ဖော်ပြထားပါသည်။ ယင်းဥပဒေမူကြမ်းတွင် ပေးပို့သူနှင့်လက်ခံသူကြားတွင် အီးမေးလ်ပို့ခြင်း၊ စာတိုပေးပို့ခြင်း သို့မဟုတ် စာရိုက်ပို့ခြင်းတို့ကို အဓိက လုပ်ဆောင်သည့်ဝဘ်ဆိုက်များနှင့် အက်ပ်များကို ကင်းလွတ်ခွင့်ပေးမည်ဖြစ်ပါသည်။

ဆိုရှယ်မီဒီယာကုမ္ပဏီများကရပ်စဲထားသောအကောင့်များမှ စုဆောင်းထားသော ကိုယ်ရေး ကိုယ်တာအချက်အလက်များကို အပြီးအပိုင်ဖျက်ပစ်ရမည်ဖြစ်ပြီး ထိုသို့လုပ်ဆောင်ရန် ပျက်ကွက်သူများအား အရပ်ဘက်တရားစွဲဆိုနိုင်ရန် မိဘများကို ခွင့်ပြုထားပါသည်။

၂၀၂၃ ခုနှစ် မတ်လတွင် ယူးတာပြည်နယ် (Utah)သည် ကလေးသူငယ်များ၏ ဆိုရှယ်မီဒီယာသို့ ဝင်ရောက်ခွင့်ကန့်သတ်သည့်ဥပဒေများကို ချမှတ်ခဲ့သော အမေရိကန်ပြည်ထောင်စု၏ ပထမဆုံးပြည်နယ် ဖြစ်လာခဲ့ပြီး ယင်းနောက်တွင် အာကန်ဆာပြည်နယ် (Arkansas)၊ လူဝီဇီယာနာပြည်နယ်(Louisiana)၊ အိုဟိုင်းအိုးပြည်နယ်(Ohio)နှင့် တက္ကဆက်ပြည်နယ်များ (Texas) အပါအဝင် အခြားသော ဥပဒေပြုရေးဆိုင်ရာသုတေသနများအရ ဖလော်ရီဒါ(Florida) ဥပဒေမူကြမ်းကို ခွဲခြမ်းစိတ်ဖြာလေ့လာဆန်းစစ်ရမည်ဖြစ်ပါသည်။ လေ့လာမှုများအရ အခြားပြည်နယ်အများအပြားသည်လည်း အလားတူစည်းမျဉ်းများချမှတ်ရန် ပြင်ဆင်နေကြပြီ ဖြစ်ပါသည်။

လေ့ကျင့်သင်ကြားရေးဌာနခွဲ
ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

Source: https://www.reuters.com/world/us/floridas-desantis-signs-law-restricting-social-media-people-under-16-2024-03-25/

## ဂျပန်မန်ဂါ(Manga)ရုပ်ပြကာတွန်းများ ခိုးယူခံနေရခြင်း

ခိုးကူးဝက်ဘ်ဆိုက်အများအပြားသည် ဂျပန်မန်ဂါ (**Manga**) ရုပ်ပြကာတွန်းများကို ကမ္ဘာတစ်ဝန်းမှ လူကြိုက်များလာနေခြင်းအား အခွင့်ကောင်းယူပြီး ယင်းမန်ဂါ(**Manga**) ရုပ်ပြကာတွန်းများ၏ နိုင်ငံခြားဘာသာစကားဗားရှင်းများကို တရားမဝင်ရောင်းချနေကြပါသည်။

Authorized Books of Japan (ABJ) က ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ကောက်ယူခဲ့သည့်စစ်တမ်းတစ်ခုအရ ဝက်ဘ်ဆိုက် ၁,၂၀၇ ခု ခိုးကူးလက်ရာတွေကို ရောင်းချနေခြင်းအား တွေ့ရှိခဲ့ပါသည်။ ယင်းဝက်ဘ်ဆိုက် ၉၁၃ ခု တစ်နည်းအားဖြင့် စုစုပေါင်းရဲ့ ၇၀ ရာခိုင်နှုန်းကျော်သည် အင်္ဂလိပ်၊ဗီယက်နမ်နှင့်အခြားနိုင်ငံခြားဘာသာစကားများဖြစ်သည်ဟု ABJ က ပြောကြားခဲ့ပါသည်။

ထုတ်ဝေသူများနှင့်အဖွဲ့အစည်းများက ယင်းခိုးကူးသည့်ပြဿနာကို ကိုင်တွယ်ဖြေရှင်းပြီးနောက် ဂျပန်က ခိုးကူးဝက်ဘ်ဆိုက်တွေကိုအသုံးပြုမှု သိသိသာသာ ကျဆင်းခဲ့တယ်လို့ ABJ က မှတ်ချက်ပြုလိုက်ပါသည်။ သို့ရာတွင် မကြာသေးခင်နှစ်များအတွင်း ယင်းကဲ့သို့ ဝက်ဘ်ဆိုက်များ၏ နိုင်ငံခြားဘာသာစကားဗားရှင်းများတိုးလာခဲ့ပြီး အရှေ့တောင်အာရှနိုင်ငံများက လူများကို အဓိကပစ်မှတ်ထားနေတယ်လို့ ABJ က ဖြည့်စွက်ပြောကြားခဲ့ပါသည်။

အဆိုပါ နိုင်ငံခြားဘာသာစကားဝက်ဘ်ဆိုက်များကို ဝင်ရောက်ဆက်သွယ်မှုများသည် ဂျပန်ဝက်ဘ်ဆိုက်များထက် အနည်းဆုံး ၅ ဆရှိကြောင်း ABJ က ခန့်မှန်းခဲ့ပါသည်။ မူပိုင်ခွင့်ချိုးဖောက်မှုကြောင့် ဆုံးရှုံးမှုမှာလည်း ပိုမိုကြီးမားခဲ့ကြောင်း ဆက်လက်ပြောကြားခဲ့ပါသည်။

အသုံးပြုသူတွေကို နိုင်ငံရပ်ခြားခိုးကူးဝက်ဘ်ဆိုက်များအားလမ်းညွှန်သည့်တရားမဝင်အပလီကေးရှင်းအများအပြားကို တရားဝင်အပလီကေးရှင်းစတိုးတွေမှာရရှိနေကြောင်း သိရပါသည်။

ဂျပန်နိုင်ငံမှ ထုတ်ဝေရေးကုမ္ပဏီ Kadokawa က ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလတွင် Google နှင့် Apple တို့က လုပ်ဆောင်သောအပလီကေးရှင်းစတိုးများတွင် တရားမဝင်နိုင်ငံခြားဘာသာစကားဝက်ဘ်ဆိုက်များနှင့်ချိတ်ဆက်ထားသည့် အပလီကေးရှင်းအနည်းဆုံး ၅ ခုကိုတွေ့ရှိခဲ့ကြောင်း

နှင့်ထုတ်ဝေရေးကုမ္ပဏီများက ဥပဒေကြောင်းအရ အရေးယူခဲ့ရခြင်းများပြုလုပ်၍ ယင်းအပလီကေးရှင်းများကို ဖယ်ရှားခဲ့ကြောင်း သိရပါသည်။

e-Government ဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

Source:

https://www3.nhk.or.jp/nhkworld/my/news/20240324_17/

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

